# တရားဝင်ခွင့်ပြုချက်ရ ချာတာကျောင်းများ၏ ကျောင်းသားလက်စွဲစာအုပ်အတွက် လိုအပ်ချက်များ

**SY 2024-2025**

ဤစာတမ်းတွင် ကော်မရှင်၏ တရားဝင်ခွင့်ပြုချက်ရ ချာတာကျောင်းများက ထုတ်ပြန်သည့် ကျောင်းသားလက်စွဲစာအုပ်များအတွက် အနိမ့်ဆုံးရှိရမည့်လိုအပ်ချက်များကို သီးခြားအစဉ်လိုက်မဟုတ်ဘဲ ဖော်ပြပေးထားသည်။ စာသင်နှစ်စတိုင်းတွင် တရားဝင်ခွင့်ပြုချက်ရ ချာတာကျောင်းများသည် အစီရင်ခံရန်သတ်မှတ်ထားသော ပြက္ခဒိန်ရက်စွဲအတိုင်း ၎င်းတို့၏ ကျောင်းသားလက်စွဲစာအုပ်များကို ခရိုင်သို့ တင်သွင်းရန် လိုအပ်ပါသည်။ ကော်မရှင်ဝန်ထမ်းများအနေဖြင့် အဆိုပါ လက်စွဲစာအုပ်တွင် ဤစာတမ်း၌ဖော်ပြထားသည့် အနိမ့်ဆုံးရှိရမည့်လိုအပ်ချက်များ ပါဝင်ကြောင်း သေချာစေရန် စိစစ်သုံးသပ်ရပါမည်။[1]

ကျောင်းသားလက်စွဲစာအုပ်များတွင် မှတ်ချက်ပြုသည့်အခါ ကော်မရှင်မူဝါဒများတွင် သို့မဟုတ် ဥပဒေတွင် ပါရှိသော စာသားအပြည့်အစုံကို ကူးယူဖော်ပြရမည်။ ဤစာတမ်း၏ စာမျက်နှာ 14 မှ 22 အထိတွင် ကျောင်းသားလက်စွဲစာအုပ်ဆိုင်ရာ နောက်ဆက်တွဲဖြည့်စွက်ချက် ပါရှိသည်။ ဤစာမျက်နှာများပါ အချက်အလက်များကို ကော်မရှင်၏ တရားဝင်ခွင့်ပြုချက်ရ ချာတာကျောင်းများ၏ ကျောင်းသားလက်စွဲစာအုပ်အားလုံးတွင် ထည့်သွင်းသင့်သည်။

ဤစာတမ်းတွင် အောက်ပါတို့ ပါဝင်သည်-


- I. ကျောင်းသားလက်စွဲစာအုပ်အတွက် အနိမ့်ဆုံးရှိရမည့်လိုအပ်ချက်များ
  - ESEA အရ လိုအပ်သော မိဘအသိပေးချက်များဆိုင်ရာ နောက်ထပ်အချက်အလက်များ
- II. ကျောင်းသားလက်စွဲစာအုပ်ဆိုင်ရာ နောက်ဆက်တွဲဖြည့်စွက်ချက်
  - ကော်မရှင်၏ LEA မူဝါဒ 1200
  - မကျေနပ်ချက်/တိုင်ကြားချက် ဖြေရှင်းရေး လမ်းညွှန်ဇယား
  - ကော်မရှင်၏ LEA မူဝါဒ 4502
  - ခရိုင်အချက်အလက်များအတွက် ဘာသာပြန်ဆိုပေးမှုများ တောင်းဆိုပိုင်ခွင့် အသိပေးချက်
- III. ကျောင်းသားလက်စွဲစာအုပ်ဆိုင်ရာ အာမခံချက်များ


[1] ဤစာတမ်းသည် ကော်မရှင်၏ လိုအပ်သောမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ်များဆိုင်ရာ စာတမ်းနှင့် သီးခြားစီဖြစ်သည်။ ကျောင်းသားလက်စွဲစာအုပ်အတွင်း မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ပါဝင်နိုင်သော်လည်း ဤစာတမ်းသည် ကျောင်းသားများနှင့် မိဘများထံ ပေးပို့ထားသော ကျောင်းသားလက်စွဲစာအုပ်တွင် ကော်မရှင်က ထည့်သွင်းစေလိုသော အချက်အလက်များကိုသာ ခြုံငုံဖော်ပြရန် ရည်ရွယ်ပါသည်။

## I. ကျောင်းသားလက်စွဲစာအုပ်အတွက် အနိမ့်ဆုံးရှိရမည့်လိုအပ်ချက်များ

| လိုအပ်ချက် | မှတ်ချက်များ |
|---|---|
| 1. ချာတာကျောင်းကော်မရှင် ကျောင်းသားလက်စွဲစာအုပ်ဆိုင်ရာ နောက်ဆက်တွဲ ဖြည့်စွက်ချက် | စာသားအပြည့်အစုံ |
| 2. ကျောင်းတွင်း တိုင်ကြားချက်/မကျေနပ်ချက် ဖြေရှင်းရေး မူဝါဒ(များ) | စာသားအပြည့်အစုံ |
| 3. ဆရာ/အကူဝန်ထမ်း အရည်အချင်းဆိုင်ရာ အချက်အလက်များကို တောင်းဆိုရန် မိဘအခွင့်အရေးအကြောင်း အသိပေးချက် | စာသားအပြည့်အစုံ |
| 4. မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (FERPA) အရ မိဘအခွင့်အရေးများ အသိပေးချက် | စာသားအပြည့်အစုံ<br><br>အသိပေးချက်တွင် အောက်ပါတို့ ပါဝင်ရမ<br>• ကျောင်းက လမ်းညွှန်အချက်အလက<br>သတ်မှတ်ထားသည့် အချက်အလက်မ<br>• ကလေးလမ်းညွှန်အချက်အလက်ကို<br>ထုတ်ဖော်မှုဝေခြင်းအား ငြင်းပယ်ပိုင်ခ<br>• FERPA က သဘောတူညီချက်ရယူရန်<br>ထုတ်ပြန်ခွင့်ပြုသည့်<br>အတိုင်းအတာအထိမှလွဲ၍ ကျောင်း<br>ပညာရေးမှတ်တမ်းများမှ မည်သူ<br>ခွဲခြားနိုင်သော အချက်အလက<br>ကျောင်းက ထုတ်ပြန်ခြ<br>သဘောတူညီချက်ပေးအပ်ပိုင်ခွင့်။<br>• မည်သူက ကျောင်းတာဝန်ရှိသူဖြစ်<br>မည်သည်က ပညာရေး<br>တရားဝင်အကျိုးစီးပွားဖြစ်ကြောင်း<br>ဆုံးဖြတ်ရန် သတ်မှတ်စံနှုန်း။<br>• ကလေး၏ ပညာရေးမှတ်တမ<br>စစ်ဆေးပြီး ပြန်လည်သုံးသပ်ပို<br>မှတ်တမ်းများကို ပြင်ဆင<br>တောင်းဆိုခွင့်၊ |

| လိုအပ်ချက် | မှတ်ချက်များ |
|---|---|
| | • FERPA ကို လိုက်နာရန် ပျက်ကွက်သ စွပ်စွဲထားသော ဖြစ်ရပ်အ တိုင်ကြားချက် တင်သွင်းပိုင်ခွင့်။<br><br>အသိပေးချက် နမူနာတစ်ခုကို ဤနေ တွေ့နိုင်သည်။ |
| 5. စစ်သားသစ်စုဆောင်းသူများ သို့မဟုတ် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများထံသို့ ကျောင်းသားအချက်အလက်များကို ထုတ်ဖော်မျှဝေခြင်းအား မိဘများ၏ ငြင်းပယ်ပိုင်ခွင့် အသိပေးချက် | စာသားအပြည့်အစုံ<br><br>ESSA အရ မိဘများက ငြင်းပယ်ထားခြင်းမ စစ်သားသစ်စုဆောင်းသူများ သို့မဟုတ် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများထံသို့ အလယ်တန်းကျောင်းသားများ၏ အမည်မျ လိပ်စာများနှင့် ဖုန်းနံပါတ်များကို ကျောင်းက ထုတ်ဖော်မျှဝေကြောင်း အသိပေးချက်ကို မိဘများထံ ပေးပို့ရမည်။<br><br>ဤအသိပေးချက်ကို FERPA အရ မိဘအခွင့်အရေးများ အသိပေးချက်နှင့်ပူးတွဲ ပေးပို့နိုင်သည်။ |
| 6. ကျောင်းသားအခွင့်အရေးများ ကာကွယ်ရေး ပြင်ဆင်ချက် (PPRA) အရ မိဘအခွင့်အရေးများ အသိပေးချက် | စာသားအပြည့်အစုံ<br><br>အသိပေးချက်တွင် အောက်ပါတို့ ပါဝင်ရမည<br>• စစ်တမ်းများကောက်ယူခြင်း၊ ဈေးကွက်ရှာဖွေရေးအတွက် ရည အချက်အလက် စုဆောင်း အသုံးပြုခြင်းအပြင် အဓ ကျန်းမာရေးစစ်ဆေးမှုများနှင့် စပ်လျဉ် မိဘအခွင့်အရေးများ။<br><br>အသိပေးချက် နမူနာတစ်ခုကို ဤနေ တွေ့နိုင်သည်။ |
| 7. အခမဲ့နှင့် ဈေးလျှော့ပေးထားသော အစားအစာများနှင့်/သို့မဟုတ် အခမဲ့ နွားနို့တိုက်ကျွေးခြင်းဆိုင်ရာ အသိပေးချက် | ကျောင်းတစ်ကျောင်းသည် အခ ကျောင်းနေ့လယ်စာ ပရိုဂရမ်၊ ကျောင်းန |

| လိုအပ်ချက် | မှတ်ချက်များ |
| --- | --- |
| | ပရိုဂရမ် သို့မဟုတ် အထူးနွားနို့တိုက်ကျေ<br>ပရိုဂရမ်တွင် ပါဝင်ပါက စာသင်နှစ်အစတို<br>အခမဲ့နှင့် ဈေးလျှော့ပေးထာ<br>အစားအစာများနှင့်/သို့မဟုတ်<br>နွားနို့တိုက်ကျွေးခြင်းဆိုင်ရာ အချက်အလ<br>မိဘများနှင့် အများပြည်သူအား အသိပေးရ<br><br>ကျောင်းများအနေဖြင့် မိဘမျ<br>လျှောက်လွှာဖောင်ကိုလည်း ပေးအပ်ရမည်<br><br>အခမဲ့နှင့် ဈေးလျှော့ပေးထာ<br>အစားအစာများကို ကလေးများ ရယူနိုင်ခြင်<br>အခြေအနေနှင့်ပတ်သက်သည့် အချက်အလ<br>တောင်းဆိုသူသည် အမ<br>ကျောင်းနေ့လယ်စာ အက်ဥပ<br>သတ်မှတ်ထားသည့် အမျိုးအစားမျ<br>တစ်ခုတွင် မပါဝင်လျှင် ထိုအချက်အလ<br>ကျောင်းများက ထုတ်ဖော်မပြောဆိုနိုင်ပါ။<br><br>Tennessee ဖောင်ပုံစံများကို ဤနေ<br>တွေ့နိုင်သည်။ |
| 8. ကျောင်း၊ မိဘနှင့် မိသားစု ထိတွေ့ဆက်ဆံမှု မူဝါဒ | စာသားအပြည့်အစုံ<br><br>ခေါင်းစဉ် I နှင့်အညီ<br>လည်ပတ်လုပ်ဆောင်နေသော ကျောင်းတိုင်<br>ပါဝင်နေသော ကလေးများ၏ မိဘများ၊<br>မိသားစုများနှင့်အတူ စာဖြင့်ရေးသားထားသ<br>ကျောင်းအဆင့် မိဘနှင့် မိသားစု ထိတွေ့ဆ<br>မူဝါဒကို ပူးတွဲရေးသားပြုစုပြီး သဘောတူည<br>ထိုမူဝါဒကို ၎င်းတို့ထံ ဖြန့်ဝေပေးရမည့်အပြ<br>ကျောင်းသားလက်စွဲစာအုပ်တွင်လည်း<br>ထည့်သွင်းသင့်ပါသည်။ |

TENNESSEE
PUBLIC CHARTER SCHOOL COMMISSION

| လိုအပ်ချက် | မှတ်ချက်များ |
| --- | --- |
| 9. လာမည့်စာသင်နှစ်တွင် ပြုလုပ်မည့် ပြည်နယ်က ပြဋ္ဌာန်းထားသော စာမေးပွဲများနှင့် ခရိုင်က ပြဋ္ဌာန်းထားသော စာမေးပွဲများ အားလုံးအကြောင်း မိဘများထံ အသိပေးချက် | စာသားအပြည့်အစုံ<br><br>ခရိုင်/ပြည်နယ်က ပြဋ္ဌာန်းထ စာမေးပွဲများအကြောင်း အသိပေးချက် NAEP အကဲဖြတ်မှုတွင် ပ ရွေးချယ်ခံထားရသော ကလေး မိဘများအား ၎င်းတို့၏ကလေ မည်သည့်အကြောင်းကြောင့်မဆို ပါဝ ကင်းလွတ်ခွင့်ရရှိနိုင်ကြောင်း၊ မည်သည့်အကဲဖြတ်မှုကိုမဆို မပြ ပြီးမြောက်ရန်မလိုဘဲ စာမေးပွဲမေးခွန်း ဖြေဆိုရန် မလိုအပ်ကြေ အကဲဖြတ်ခြင်းမပြုမီ အသိပေးရမည်။<br><br>ဤအသိပေးချက်ကို ကျောင်းသားလက်စွဲစ ပြည်နယ်နှင့် ခရိုင်က ပြဋ္ဌာန်းထ စာမေးပွဲများအားလုံးစာရင်းတွင် ထည့်သွင်းနိုင်သည်။<br><br>သီးခြားလိုအပ်ချက်များအတွက် T.C.A နှ မူဝါဒကို ကြည့်ရှုပါ။ |
| 10. ကျောင်းသားကျင့်ဝတ်စည်းကမ်းနှင့်/သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေး မူဝါဒ၊ လုံးဝသည်းမခံရေး မူဝါဒနှင့် စည်းကမ်းပိုင်းဆိုင်ရာ ကြားနာစစ်ဆေးမှု အာဏာပိုင်များနှင့်စပ်လျဉ်းသော မူဝါဒ | စာသားအပြည့်အစုံအတွက် လင့်ခ်နှင့်ပူးတွဲထားသော အကျဉ်းချုပ် သို့ စာသားအပြည့်အစုံ[2] |
| 11. မူးယစ်ဆေးသုံးစွဲမှုရှိ၊ မရှိ စစ်ဆေးမှုခံယူရမည့်အကြောင်း/စစ်ဆေးမှု/လုပ်ထုံးလုပ်နည်းများ/ပြစ်ဒဏ်များခံယူရသည့် အကြောင်းရင်းများ/ငြင်းဆန်ပိုင်ခွင့်တို့ကို ကျောင်းသားများအား အသိပေးချက် | စာသားအပြည့်အစုံအတွက် လင့်ခ်နှင့်ပူးတွဲထားသော အကျဉ်းချုပ် သို့ စာသားအပြည့်အစုံ |

[2]ကျောင်းသားလက်စွဲစာအုပ်သည် ကျောင်း၏မူဝါဒလက်စွဲစာအုပ်ဖြစ်ပါက စာသားအပြည့်အစုံကို ထည့်သွင်းရမည်။ ကျောင်းသည် ကျောင်းမူဝါဒများကို ကျောင်းသားလက်စွဲစာအုပ်နှင့် သီးခြားစီ (ဆိုလိုသည်မှာ သီးခြား မူဝါဒလက်စွဲစာအုပ်တွင် သို့မဟုတ် ကျောင်း၏ ဝက်ဘ်ဆိုက်ပေါ်တွင်) ထားရှိပါက စာသားအပြည့်အစုံ မလိုအပ်လျှင် ကျောင်းသားလက်စွဲစာအုပ်တွင် မူဝါဒအပြည့်အစုံအတွက် လင့်ခ်တစ်ခုနှင့်တွဲပြီး မူဝါဒအကျဉ်းချုပ်ကို ထည့်သွင်းနိုင်သည်။

| လိုအပ်ချက် | မှတ်ချက်များ |
| --- | --- |
| 12. ကျောင်းတက်ရောက်မှုဆိုင်ရာ မူဝါဒ | စာသားအပြည့်အစုံအတွက်<br>လင့်ခ်နှင့်ပူးတွဲထားသော အကျဉ်းချုပ် သို့<br>စာသားအပြည့်အစုံ<br><br>စာသင်နှစ်အစတိုင်းတွင် သို့<br>ယင်းမတိုင်မီတွင် ကျောင်းခေါင်းဆော<br>ကျောင်းသားများ၏ မိဘများ (သို့<br>တရားဝင်အုပ်ထိန်းသူများ သို့<br>အုပ်ထိန်းခွင့်ရှိသူများ)<br>မိဘ/အုပ်ထိန်းသူအနေဖြင့် ကျောင်း<br>ကျောင်းတက်ရောက်မှုကို စောင့်ကြ<br>ကျောင်းသား ကျောင်းတက်မှန်<br>လုပ်ဆောင်ပေးရန် တာဝန်ရှိ<br>အသိပေးရမည်။<br>အသိပေးချက်တွင် အောက်ပါတို့ ပါဝင်ရမည<br>• ကျောင်းသားသည် စာသင်နှစ်<br>ခွင့်မဲ့ကျောင်းပျက်ရက် ငါး (5) ရက် ရှိ<br>ကျောင်းသားသည် ကျေ<br>အဆင့်ဆင့်အရေးယူသော<br>ကျောင်းပြေးခြင်းဆိုင်ရာ<br>ကြားဝင်ဆောင်ရွက်မှုများကို<br>လိုက်နာရမည်ဖြစ်ကြောင်း<br>သုံးနှုန်းဖော်ပြချက်နှင့်<br>• ခွင့်မဲ့ပျက်ကွက်မှုများ<br>ဆက်လက်ဖြစ်ပေါ်နေလျှင်<br>အရွယ်မရောက်သေးသူဆိုင်ရာ တရ<br>လွှဲပေးနိုင်ကြောင်း သုံးနှုန်းဖော်ပြချက်။<br><br>နောက်ထပ်လိုအပ်ချက်များအတွက် LEA မူ<br>ကြည့်ပါ ရည်ညွှန်း- ကျောင်းတက်<br>ကျောင်းပြေးခြင်း။ |

| လိုအပ်ချက် | မှတ်ချက်များ |
|---|---|
| 13. ကျောင်းအတန်းတင်စနစ်ဆိုင်ရာ မူဝါဒ | စာသားအပြည့်အစုံ |
| 14. ကျောင်းပြီးမြောက်အောင်မြင်မှု လိုအပ်ချက်များ | စာသားအပြည့်အစုံ<br>**အထက်တန်းကျောင်းများအတွက်သာ |
| 15. တိုင်ကြားမှုနှင့် စုံစမ်းစစ်ဆေးမှု လုပ်ထုံးလုပ်နည်းများ အပါအဝင် ကျောင်းသားနှောင့်ယှက်မှု၊ ထိပါးမှု၊ ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှုနှင့် အွန်လိုင်းတွင်အနိုင်ကျင့်မှုဆိုင်ရာ မူဝါဒ | စာသားအပြည့်အစုံ |
| 16. လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် ခေါင်းစဉ် IX ပါ တာဝန်များ | အသိပေးချက်တွင် ခွဲခြားဆက်ဆံမှုမရှိရေး<br>လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှု<br>တိုင်ကြားချက်များအတွက်<br>မကျေနပ်ချက်ဖြေရှင်းရေး လုပ်ထုံးလုပ်န<br>ပါဝင်သင့်သည် |
| 17. ကျောင်းသားများ ပါဝင်နိုင်သော အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများ အားလုံး၏ စာရင်း | စာသားအပြည့်အစုံ |
| 18. ကျောက်ဂွမ်းအန္တရာယ် အရေးပေါ်တုံ့ပြန်ရေး အက်ဥပဒေအရ အသိပေးချက်များ | ကျောက်ဂွမ်းအန္တရာယ် အရေးပေါ်တုံ့<br>အက်ဥပဒေ (AHERA) အရ ကျောင်းများအ<br>၎င်းတို့၏အဆောက်အအုံများတွင်<br>ကျောက်ဂွမ်းပါရှိသော<br>ဆောက်လုပ်ရေးပစ္စည်းများရှိ၊ မရှိ စစ်<br>ကျောက်ဂွမ်းအန္တရာယ်ထိန်းချုပ်ရေးအစီအ<br>ရေးဆွဲရန်၊ ထိန်းသိမ်းရန်နှင့် မွမ်းမံပြင်<br>လိုအပ်သည်။<br><br>ကော်မရှင်၏ တရားဝင်ခွင့်ပြ<br>ချာတာကျောင်းများသည် အချိန်အခါ<br>ပြန်လည်စစ်ဆေးခြင်းနှင့် စောင့်ကြ<br>လုပ်ငန်းစဉ်များအပါအဝင်<br>ထိန်းချုပ်ရေးအစီအစဉ်ကို ရရှိ<br>စီစဉ်ထားသော သို့မဟုတ် လုပ်ဆော<br>စစ်ဆေးမှုများ၊ ပြန်လည်စစ်ဆေ<br>တုံ့ပြန်ဆောင်ရွက်မှုများနှင့် တုံ့ပြန်ပြီးနော<br>ဆောင်ရွက်မှုများကို မိဘများ၊ ဆရာ<br>ဝန်ထမ်းအဖွဲ့များအား နှစ်စဉ် အသိပေးရမည |

| လိုအပ်ချက် | မှတ်ချက်များ |
|---|---|
| 19. ကျောင်းကားဘေးကင်းရေးတိုင်ကြားချက်များကို တင်ပြရန် လုပ်ငန်းစဉ်အကြောင်း မိဘများနှင့် ကျောင်းသားများအား အသိပေးချက် | စာသားအပြည့်အစုံ |
| 20. ခွဲခြားဆက်ဆံမှုမပြုရေး အသိပေးချက် | ခေါင်းစဉ် VI၊ ခေါင်းစဉ် IX၊ ပုဒ်မ<br>အသက်အရွယ် ခွဲခြားဆက်ဆံမှု<br>အက်ဥပဒေ၊ မသန်စွမ်းအမေရိကန်လူ<br>အက်ဥပဒေ၏ ခေါင်းစဉ် II နှင့် ဖက်ဒရယ်အ<br>ထောက်ပံ့မှုရယူထားသော ပညာရေး ပရိုဂ<br>သို့မဟုတ် လှုပ်ရှားမှုများတွင် ကျား<br>ခွဲခြားဆက်ဆံမှုမပြုရေးကို<br>အကောင်အထည်ဖော်သော စည်းမျဉ်းမ<br>ကျောင်းခရိုင်များအနေဖြင့် ၎င်းတို့သည်<br>အသားအရောင်၊ လူမျိုးစု၊ နိုင်ငံဇာတိ၊<br>ကိုယ်ဝန်ရှိမှု၊ မသန်စွမ်းမှု သို<br>အသက်အရွယ်ကို အခြေခံ၍ ခွဲခြားဆက်<br>မပြုကြောင်းနှင့် ဝင်ခွင့်နှင့် အလုပ်<br>အပါအဝင် ခေါင်းစဉ် IX<br>သတ်မှတ်ထားသည့်အတိုင်း<br>မည်သည့်ပညာရေးပရိုဂရမ် သို<br>လှုပ်ရှားမှုတွင်မဆို ကျား၊ မ ခွဲခြားဆက်<br>တားမြစ်ကြောင်း ကျောင်းသားများ၊ မိဘ<br>အခြားသူများအား အသိပေးရန် လိုအပ်ပါသ<br><br>ခွဲခြားဆက်ဆံမှုမပြုရေး အသိပေးချက်နမူန<br>အောက်တွင် ဖော်ပြထားသည့်အတိုင်း O<br>ပြဋ္ဌာန်းထားသော စည်းမျဉ်<br>အနိမ့်ဆုံးလိုအပ်ချက်များနှင့် ကိုက်ညီရမည်<br>[ABC ကျောင်း] သည် ခေါင်းစဉ် IX နှင့်<br>၎င်းတွင်ပါရှိသော စည်းမျဉ်းများအရ<br>ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ခွင့်နှင့်<br>အလုပ်ခန့်ထားမှု အပါအဝင် ကျောင်းက<br>ဆောင်ရွက်နေသော ပညာရေး ပရိုဂရမ် သို့<br>လှုပ်ရှားမှုမှန်သမျှတွင် ကျား၊ မ အခြေပြု |

| လိုအပ်ချက် | မှတ်ချက်များ |
| --- | --- |
| | ခွဲခြားဆက်ဆံခြင်းမပြုဘဲ ကျား၊ မ ခွဲခြားဆက်ဆံမှုကို တားမြစ်ထားပါသည်။ ခေါင်းစဉ် IX နှင့်ပတ်သက်သော စုံစမ်းမေးမြန်းမှုများကို [ABC ကျောင်း၏] ခေါင်းစဉ် IX ညှိနှိုင်းရေးမှူးထံသို့ဖြစ်စေ၊ အမေရိကန်ပြည်ထောင်စု ပညာရေးဌာန၏ နိုင်ငံသား အခွင့်အရေးရုံးထံသို့ဖြစ်စေ၊ နှစ်ခုစလုံးသို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ [ABC ကျောင်း၏] ခေါင်းစဉ် IX ညှိနှိုင်းရေးမှူးသည် [အမည် သို့မဟုတ် ရာထူး၊ ရုံးလိပ်စာ၊ အီးမေးလ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်] ဖြစ်သည်။<br><br>[ABC ကျောင်း၏] ခွဲခြားဆက်ဆံမှုမပြုရေး မူဝါဒနှင့် မကျေနပ်ချက်ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများကို [ဝက်ဘ်ဆိုက်ရှိ တည်နေရာ(များ)အတွက် လင့်ခ်ထည့်သွင်း သို့မဟုတ် တည်နေရာ(များ)ကို အခြားနည်း ဖော်ပြပါ] တွင် တွေ့ရှိနိုင်သည်။ ကျား၊ မ ခွဲခြားဆက်ဆံမှု ဖြစ်စေနိုင်သော လုပ်ရပ်များအကြောင်း အချက်အလက်မျာ သတင်းပို့ရန် သို့မဟုတ် ခေါင်းစဉ် IX အရ ခွဲခြားဆက်ဆံမှုရှိကြောင်း တိုင်ကြားချက်တင်သွင်းရန် ကျေးဇူးပြု၍ [ဝက်ဘ်ဆိုက်ရှိ တည်နေရာ(များ)အတွက် လင့်ခ်ထည့်သွင်းပါ သို့မဟုတ် တည်နေရာ( အခြားနည်းဖြင့် ဖော်ပြပါ]ကို ကိုးကားပါ။<br><br>ခွဲခြားဆက်ဆံမှုမပြုရေး အသိပေးချက်ဆိုင် အချက်အလက်များကို ပိုမိုသိရှိလိုပါက သင့်ဒေသတွင်း ဝန်ဆောင်မှုပေးသော ရုံးလိပ်စာနှင့် ဖုန်းနံပါတ်အတွက် |

| လိုအပ်ချက် | မှတ်ချက်များ |
|---|---|
| | https://ocrcas.ed.gov/contact-ocr သို ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် 1-800-421 3481 သို့ ဖုန်းခေါ်ဆိုပါ။ |
| 21. ကော်မရှင်၏ LEA မူဝါဒ 6303- ရာဇဝတ်မှုများအကြောင်း သတင်းပို့ခြင်း၊ စစ်ဆေးမေးမြန်းမှုများနှင့် ရှာဖွေမှုများအပြင် လိုက်နာရမည့် ကျောင်းမူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်းများအကြောင်း အသိပေးချက်။ | စာသားအပြည့်အစုံအတွက် လင့်ခ်နှင့်ပူးတွဲထားသော အကျဉ်းချုပ် သို့ စာသားအပြည့်အစုံ။ |
| 22. တုပ်ကွေးနှင့် ဦးနှောက်အမြေးရောင်ရောဂါအကြောင်း အချက်အလက်နှင့် ကာကွယ်ဆေးထိုးခြင်း၏ ထိရောက်မှု။ | စာသားအပြည့်အစုံ။<br><br>ချာတာကျောင်းများသည် စာသင်နှစ်အစတို မိဘများထံ အသိပေးချက် ပေးပို့ရမည်။<br><br>အသိပေးချက်ကို ကျောင်းသားလက်စွဲစာအုပ်ထဲတွင် ထည့်သွင်းနိုင်သည် သို့ သီးခြားအသိပေးချက်အဖြစ် ပေးပို့နိုင်သည် |
| 23. စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ်လေ့လာခြင်း သို့မဟုတ် အကဲဖြတ်ခြင်းတွင် ပါဝင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အားလုံးအကြောင်း မိဘများထံ အသိပေးချက်။ | စာသားအပြည့်အစုံအတွက် လင့်ခ်နှင့်ပူးတွဲထားသော အကျဉ်းချုပ် သို့ စာသားအပြည့်အစုံ |
| 24. မသန်စွမ်းကျောင်းသားများအတွက် လျှို့ဝှက်ထားရှိရေး အသိပေးချက် | တရားဝင်ခွင့်ပြုချက်ရ ချာတာကျောင်းမျ မည်သူမည်ဝါ ခွဲခြားသိရှိနို အချက်အလက်များကို လျှို့ဝှက်ထားရှိမှုအကြောင်း မိဘမ အပြည့်အဝ အသိပေးရန် လုံလောက်ပြည့် အသိပေးချက်ကို ပေးပို့ရမည်၊ ယ ပါဝင်သည်မှာ-<br>a. ကျောင်းရှိ လူဦးရေအုပ်စုအမျို မိခင်ဘာသာစကားများဖြင့် အသိပေးချက်ကို ပေးအပ်နို အတိုင်းအတာအထိ ရှင်းလင်းဖော်ပြချက်။<br>b. သက်ဆိုင်ရာကလေးများ၏ မည်သူမည်ဝါခွဲခြားသိရှိနိုင်သော |

| လိုအပ်ချက် | မှတ်ချက်များ |
| --- | --- |
| | အချက်အလက်များကို<br>ထိန်းသိမ်းထားကြောင်း၊ ရယ<br>အချက်အလက်အမျိုးအစားများ၊<br>အချက်အလက်များ ရယူ<br>ကျောင်းက အသုံ<br>ရည်ရွယ်ထားသည့် နည်းလ<br>(အချက်အလက်ကို စုစည်းရယ<br>မူလရင်းမြစ်များ အပါအဝင်)<br>အချက်အလက်အသုံးချမှုများအ<br>ရှင်းလင်းဖော်ပြချက်။<br>c. မည်သူမည်ဝါ ခွဲခြားသိရှိနို<br>အချက်အလက်များကို<br>သိမ်းဆည်းထားခြင်း၊<br>ပြင်ပအဖွဲ့အစည်းများထံ ထုတ်ဖေ<br>ထိန်းသိမ်းခြင်းနှင့်<br>ဖျက်ဆီးခြင်းတို့နှင့်စပ်လျဉ်း၍<br>ပါဝင်နေသောအေဂျင်စီဌာနများ (<br>ဆက်စပ်ဝန်ဆောင်မှုပေးသူများ)<br>လိုက်နာရမည့် မူဝါဒ<br>လုပ်ထုံးလုပ်နည်းများ၏ အကျဉ်း<br>d. FERPA နှင့် 34.C.F.R. အပိုင်း<br>၎င်း၏အကောင်အထည်ဖော်မှုဆို<br>စည်းမျဉ်းများအရ အခွင့်အ<br>အပါအဝင်<br>ဤအချက်အလက်များနှင့်ပတ်သ<br>မိဘများနှင့် ကလေး<br>အခွင့်အရေးများအကြောင်း<br>ရှင်းလင်းဖော်ပြချက်။ |

**ESSA က ပြင်ဆင်ထားသည့်အတိုင်း ESEA အရ လိုအပ်သည့် မိဘအသိပေးချက်များဆိုင်ရာ နောက်ထပ်အချက်အလက်များ**

*မှတ်ချက်- အထက်တွင်မှတ်ချက်မရေးထားလျှင် ဤအသိပေးချက်အားလုံးကို ကျောင်းသားလက်စွဲစာအုပ်တွင် ထည့်သွင်းရန် မလိုအပ်ပါ။ သို့သော် ဤစာရွက်စာတမ်းကို ဖက်ဒရယ်ဥပဒေအရ လိုအပ်သော မိဘအသိပေးချက်များနှင့်စပ်လျဉ်း၍ နောက်ထပ်ကိုးကားချက်အတွက် ပေးအပ်ထားပါသည်။*

ဖက်ဒရယ်အစိုးရ၏ ထောက်ပံ့ငွေများကို ရယူနေသော ဒေသတွင်း ပညာရေး အေဂျင်စီများ (LEA များ) နှင့် ကျောင်းများအနေဖြင့် မိဘများက ၎င်းတို့၏ကျောင်းများနှင့် ၎င်းတို့ကလေးများ၏ ပညာရေးတွင် တက်ကြွစွာပါဝင်ပြီး ယင်းနှင့်ပတ်သက်၍ နှံ့နှံ့စပ်စပ် သိရှိနားလည်ကြောင်း သေချာစေရန် ဆောင်ရွက်ပေးမည်ဟု ဥပဒေပြုလွှတ်တော်က မျှော်လင့်ထားကြောင်း မူလတန်းနှင့် အလယ်တန်းပညာရေး အက်ဥပဒေ (ESEA) အရ ရှင်းလင်းစွာ တွေ့နိုင်ပါသည်။ ကျောင်းများအနေဖြင့် မိဘများအား မတူညီသော အချက်အလက်အမျိုးအစားနှင့် အသိပေးချက်များစွာကို ပေးအပ်ရာတွင် နားလည်ရလွယ်ကူပြီး တစ်သမတ်တည်းဖြစ်သော ပုံစံဖြင့်သာမက တတ်နိုင်သမျှ အတိုင်းအတာအထိ မိဘများ နားလည်နိုင်သော ဘာသာစကားဖြင့် ပံ့ပိုးပေးရန် ဥပဒေအရ သတ်မှတ်ထားပါသည်။ ကျောင်းခရိုင်များ သို့မဟုတ် သီးခြားအစိုးရကျောင်းများက မိဘများထံ ပေးအပ်ရန်လိုအပ်သော အသိပေးချက်များမှ အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

**<u>စာဖြင့်ရေးသားထားသော တိုင်ကြားချက်ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ-</u>** LEA များသည် ခေါင်းစဉ် I၊ အပိုင်း A ပရိုဂရမ်များနှင့်စပ်လျဉ်းသည့် ဖက်ဒရယ် ဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ရပ်အပေါ် ချိုးဖောက်မှု(များ)ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် ပြည်နယ်ပညာရေးအေဂျင်စီ (SEA) ၏ စာဖြင့်ရေးသားထားသော လုပ်ထုံးလုပ်နည်းများအကြောင်း လုံလောက်ပြည့်စုံသော အချက်အလက်များကို ကျောင်းသားမိဘများထံသာမက ပုဂ္ဂလိကကျောင်းတာဝန်ရှိသူများ သို့မဟုတ် ကိုယ်စားလှယ်များထံသို့ အခမဲ့ ဖြန့်ဝေပေးရမည်။*[34 CFR § 200.11(d)]*

**<u>ဆရာအရည်အချင်းများ-</u>** စာသင်နှစ်အစတိုင်းတွင် ခေါင်းစဉ် I အရ ထောက်ပံ့ငွေများ လက်ခံရရှိသည့် ခရိုင်တစ်ခုသည် မိဘများအား ၎င်းတို့ကလေးများ၏ အတန်းပိုင်ဆရာများ၏ ကျွမ်းကျင်အရည်အချင်းများနှင့်ပတ်သက်သော အချက်အလက်ကို တောင်းဆိုနိုင်ကြောင်း အသိပေးရမည်။ မိဘတစ်ဦးက ထိုအချက်အလက်ကို တောင်းဆိုလာလျှင် အသိပေးချက်တွင် အနည်းဆုံးအနေဖြင့် အောက်ပါတို့ကို ထည့်သွင်းဖော်ပြပေးရမည်-

- ✓ ဆရာသည် သင်ကြားသည့် အတန်းအဆင့်များနှင့် ဘာသာရပ်နယ်ပယ်များအတွက် ပြည်နယ်အဆင့်အရည်အချင်းများနှင့် လိုင်စင်ချထားမှုဆိုင်ရာ စံသတ်မှတ်ချက်နှင့် ကိုက်ညီခြင်းရှိ၊ မရှိ။
- ✓ ဆရာသည် အရေးပေါ်အခြေအနေ သို့မဟုတ် အခြားယာယီအခြေအနေအရ သင်ကြားပေးနေခြင်းရှိ၊ မရှိ။
- ✓ ဆရာ၏ အခြေခံပညာအဆင့် နောက်ဆုံးစာမေးပွဲ ဘွဲ့မေဂျာနှင့်

✓ ဆရာကိုင်ဆောင်ထားသည့် အခြားမည်သည့်ဘွဲ့လက်မှတ် သို့မဟုတ် ဒီဂရီမဆိုနှင့် ထိုလက်မှတ် သို့မဟုတ် ဒီဂရီ၏ ပညာရပ်နယ်ပယ်။

ထိုအချက်အလက်တွင် အကူဝန်ထမ်းများက ကလေးအား ဝန်ဆောင်မှုပေးနေခြင်းရှိ၊ မရှိနှင့် ဝန်ဆောင်မှုပေးနေပါက ၎င်းတို့၏ အရည်အချင်းများကိုလည်း ထုတ်ဖော်ပြောပြရပါမည်။*[20 U.S.C. § 6311(h)(6)]*

ခေါင်းစဉ် III တွင် ပြဋ္ဌာန်းထားသည်မှာ *§ 3114* အရ တစ်ဆင့်ခံထောက်ပံ့ကြေး လက်ခံရရှိသည့် သတ်မှတ်ချက်မီသော အဖွဲ့အစည်းတိုင်းသည် ဤအပိုင်းအရ ထောက်ပံ့ကြေးရရှိသည့် သို့မဟုတ် ထောက်ပံ့ကြေးရရှိမည့် အင်္ဂလိပ်စာကျွမ်းကျင်မှုအားနည်းသော ကလေးများအား ဘာသာစကားသင်ကြားပို့ချရေး ပညာရေးပရိုဂရမ်မှန်သမျှရှိ ဆရာအားလုံးသည် အင်္ဂလိပ်ဘာသာစကားနှင့် သင်ကြားပို့ချရာတွင် အသုံးပြုသည့် အခြားဘာသာစကားမှန်သမျှ၌ အရေးနှင့် ပြောဆိုဆက်သွယ်နိုင်စွမ်း အပါအဝင် ကျွမ်းကျင်မှုရှိကြောင်း ထောက်ခံချက်ကို ၎င်း၏အစီအစဉ်တွင် ထည့်သွင်းပေးရမည်။ *[ESEA ခေါင်းစဉ် III၊ အပိုင်း A၊ § 3116(c)]*

**<u>အထူးအရည်အချင်းမမီသည့် ဆရာများ</u>-** ခေါင်းစဉ် I အရ ထောက်ပံ့မှုရရှိသော ကျောင်းသည် မိဘတစ်ဦးချင်းစီအား ၎င်း၏ကလေးကို အထူးအရည်အချင်းမမီသည့် ဆရာတစ်ဦးက လေးပတ်ဆက်တိုက် သို့မဟုတ် ထို့ထက်ပို၍ သင်ကြားပေးထားကြောင်း သို့မဟုတ် ထိုသို့သင်ကြားစေရန် သတ်မှတ်ပေးထားကြောင်း အသိပေးချက်ကို အချိန်မီ ပေးပို့ရမည်။ *[20 U.S.C. § 6311(h)(6)(B)] [ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1111(h)(6)(A) နှင့် (h)(6)(B)(ii)]*

**<u>ကျောင်းသား ကိုယ်ရေးလုံခြုံမှု</u>-** ခရိုင်သည် အောက်ပါဆောင်ရွက်ချက်များကို စီစဉ်ထားသည့်အခါ သို့မဟုတ် စီစဉ်လုပ်ဆောင်မည်ဟု မျှော်မှန်းထားသည့်အခါ စာသင်နှစ်အတွင်း တိကျသော သို့မဟုတ် ခန့်မှန်းခြေ ရက်စွဲများကို စာသင်နှစ်အစတွင် နှစ်စဉ်အသိပေးချက်ကို မိဘများအား ပေးရမည်-

- ✓ ကျောင်းသားကိုယ်ရေးအချက်အလက်ကို ဈေးကွက်ရှာဖွေရန် သို့မဟုတ် ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ထိုအချက်အလက်ကို စုဆောင်းခြင်း၊ ထုတ်ဖော်ခြင်း သို့မဟုတ် အသုံးပြုခြင်း ပါဝင်သော ဆောင်ရွက်ချက်များ။
- ✓ ထိခိုက်လွယ်သော အချက်အလက် အမျိုးအစားအချို့ကို တောင်းဆိုခြင်း ပါဝင်သည့် စစ်တမ်းများ ကောက်ယူခြင်း။
- ✓ ကျောင်းတက်ရောက်မှုအတွက် သတ်မှတ်ချက်တစ်ခုအဖြစ် လိုအပ်သည့်၊ ကျောင်းက စီမံဆောင်ရွက်သည့်၊ ကြိုတင်စီစဉ်ထားပြီး ကျောင်းသား၏ လက်ငင်းကျန်းမာရေးနှင့် ဘေးကင်းရေးကို ကာကွယ်စရာမလိုသည့် အရေးပေါ်မဟုတ်သော ကျန်းမာရေးဆိုင်ရာ အရေပြားထိုးဖောက်စစ်ဆေးမှုများ။

ခရိုင်အနေဖြင့် အောက်ပါတို့ကို မိဘများ၏ စစ်ဆေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ မူဝါဒများ ရေးဆွဲချမှတ်ပြီး လက်ခံကျင့်သုံးရမည်-

- ✓ စစ်တမ်းများကောက်ယူခြင်း သို့မဟုတ် ကျောင်းသားများထံ ဖြန့်ဝေခြင်း မပြုမီ ထိုပြင်ပအဖွဲ့အစည်း စစ်တမ်းများအကြောင်း။
- ✓ စစ်တမ်းများက ထိခိုက်လွယ်သောအချက်အလက်အချို့ကို တောင်းဆိုသည့်အခါ ကျောင်းသား ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ရန် လုပ်ဆောင်ထားရှိသည့် အစီအမံများ။
- ✓ သင်ထောက်ကူပစ္စည်းမှန်သမျှကို မိဘ၏ စစ်ဆေးပိုင်ခွင့်၊
- ✓ ကျောင်းသားများ၏ ကျန်းမာရေးစစ်ဆေးမှုများ သို့မဟုတ် စမ်းသပ်မှုများကို ဆောင်ရွက်ခြင်းများ။
- ✓ ကျောင်းသားများ၏ ကိုယ်ရေးအချက်အလက်ကို ဈေးကွက်ရှာဖွေရန် သို့မဟုတ် ရောင်းချရန် ရည်ရွယ်ပြီး ထိုအချက်အလက်ကို စုဆောင်းခြင်း၊ ထုတ်ဖော်ခြင်း သို့မဟုတ် အသုံးပြုခြင်းနှင့်
- ✓ ကိုယ်ရေးအချက်အလက်ကို စုဆောင်းရန် အသုံးပြုသည့် မည်သည့်ကိရိယာကိုမဆို ကျောင်းသားများထံ မဖြန့်ဝေမီ ၎င်းကို မိဘများ၏ စစ်ဆေးပိုင်ခွင့်။

ခရိုင်များသည် မိဘများအား ထိုသို့သောမူဝါဒများကို လက်ခံကျင့်သုံးမှု သို့မဟုတ် ဆက်လက်အသုံးပြုမှုဆိုင်ရာ အသိပေးချက်ကို နှစ်စဉ်ပေးအပ်ရမည်ဖြစ်ပြီး ထိုသို့သောမူဝါဒများတွင် သိသိသာသာ ပြောင်းလဲမှုတစ်ခုခု ရှိလာခဲ့သော် အဆိုပါပြောင်းလဲမှု ဖြစ်ပေါ် ပြီးနောက် ကျိုးကြောင်းသင့်သော အချိန်ကာလတစ်ခုအတွင်း အသိပေးရမည်။ *[20 U.S.C. § 1232h(c)(2)] [ESEA ခေါင်းစဉ် II၊ အပိုင်း F၊ § 1061(c)]*

<u>**ကျောင်းသားလမ်းညွှန်အချက်အလက်ကို လူသိရှင်ကြား ထုတ်ဖော်ခြင်း**</u>- မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (FERPA) အရ LEA အနေဖြင့် လူသိရှင်ကြားထုတ်ဖော်ထားသည့် ကျောင်းသားအချက်အလက်အမျိုးအစားများဆိုင်ရာ အသိပေးချက်ကို မိဘများထံ ပေးအပ်ရမည်။ "လမ်းညွှန်အချက်အလက်" အဖြစ် အများအားဖြင့်ရည်ညွှန်းသည့် ဤကျောင်းသားအချက်အလက် အမျိုးအစားတွင် အမည်များ၊ လိပ်စာများနှင့် တယ်လီဖုန်းနံပါတ်များကဲ့သို့ အချက်အလက်များ ပါဝင်ပြီး ထုတ်ဖော်ပါက အန္တရာယ်ရှိကြောင်း သို့မဟုတ် ကိုယ်ရေးလုံခြုံမှုကို ချိုးဖောက်ကြောင်း ယေဘုယျအားဖြင့် ယူဆထားခြင်းမရှိသည့် အချက်အလက် ဖြစ်သည်။ စာဖြင့်ကြိုတင်သဘောတူညီချက်မရှိဘဲ အချက်အလက်ကို ထုတ်ဖော်ခြင်းမပြုရန် မိဘ၏တောင်းဆိုပိုင်ခွင့်အကြောင်း ရှင်းလင်းချက်ကို အသိပေးချက်တွင် ထည့်သွင်းဖော်ပြရမည်။

ထို့အပြင် ကျောင်းသည် အမည်များ၊ လိပ်စာများနှင့် တယ်လီဖုန်းနံပါတ်များကို စစ်သားသစ်စုဆောင်းသူများက တောင်းဆိုလာလျှင် ၎င်းတို့ထံ ပုံမှန်ထုတ်ဖော်ပြောပြရကြောင်းနှင့် စာဖြင့်သဘောတူညီချက်မရှိဘဲ ထိုသို့သောအချက်အလက်ကို ထုတ်ဖော်ခြင်းမပြုရန် မိဘအနေဖြင့် တောင်းဆိုနိုင်ကြောင်းတို့ကို *§ 9528* အရ မိဘများအား အသိပေးရန် လိုအပ်သည်။

စာတိုက်မှပေးပို့ခြင်းဖြင့်၊ ကျောင်းသားလက်စွဲစာအုပ်တွင် ထည့်သွင်းခြင်းဖြင့် သို့မဟုတ် အထက်ပါအချက်အလက်ကို မိဘများအား အသိပေးရန် သင့်လျော်သည်ဟု ယူဆထားသော အခြားနည်းလမ်းဖြင့် အသိပေးချက်တစ်ခု ပေးပို့ခြင်းသည် FERPA နှင့် *§ 9528* နှစ်ခုစလုံးအရ မိဘထံ အသိပေးရမည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်

လုံလောက်ပါသည်။ လမ်းညွှန်အချက်အလက်အား သဘောတူညီချက်မပါဘဲ လူသိရှင်ကြား ထုတ်ဖော်ခြင်းကို ငြင်းပယ်နိုင်ပုံအကြောင်းနှင့် ထိုသို့ငြင်းပယ်နိုင်သည့် နည်းလမ်းနှင့် အချိန်အတိုင်းအတာကို အသိပေးချက်ထဲတွင် မိဘများအား အသိပေးရပါမည်။ *[ESEA § 9528]*

**<u>စစ်သားသစ်စုဆောင်းသူက ကျောင်းသားအချက်အလက်ကို ရယူခြင်း</u>-** ဖက်ဒရယ်ပညာရေးထောက်ပံ့ငွေများကို လက်ခံရရှိသော ခရိုင်များသည် အလယ်တန်းကျောင်းသားများ၏ မိဘများအား ၎င်းတို့အနေဖြင့် ကလေး၏အမည်၊ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကို ၎င်းတို့၏ စာဖြင့်ကြိုတင်သဘောတူညီချက်မရှိဘဲ စစ်သားသစ်စုဆောင်းသူထံ ထုတ်ဖော်ခြင်းမပြုရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း အသိပေးရမည်။ ခရိုင်များသည် ထိုသို့သောတောင်းဆိုချက်မှန်သမျှကို လိုက်လျောရမည်။ *[20 U.S.C. § 7908(a)(2)] [ESEA § 9528]*

**<u>မိဘပါဝင်ဆောင်ရွက်မှု</u>-** ခေါင်းစဉ် I အရ ထောက်ပံ့ငွေများကို လက်ခံရရှိသည့် ခရိုင်တစ်ခုနှင့် ခေါင်းစဉ် I အရ လည်ပတ်ဆောင်ရွက်နေသော ကျောင်းတစ်ကျောင်းစီသည် စာဖြင့်ရေးသားထားသော မိဘပါဝင်ဆောင်ရွက်မှု မူဝါဒတစ်ရပ်ကို ခေါင်းစဉ် I ပရိုဂရမ်များတွင် ပါဝင်သော ကလေးများ၏ မိဘများနှင့်အတူ ပူးတွဲရေးဆွဲပြီး သဘောတူညီချက်ရယူကာ ထိုမူဝါဒကို ၎င်းတို့ထံ ဖြန့်ဝေပေးရမည်။ ကျောင်း သို့မဟုတ် ခရိုင်တွင် မိဘအားလုံးနှင့်ဆိုင်သည့် မိဘပါဝင်ဆောင်ရွက်မှု မူဝါဒတစ်ရပ် ရှိပါက ၎င်းသည် ESEA အရ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် မူဝါဒကို ပြင်ဆင်နိုင်ပါသည်။ *[ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1118(a)(2)] [20 U.S.C. § 6318(b)၊ (c)]*

ထိုမူဝါဒကို နားလည်ရလွယ်ကူပြီး တစ်သမတ်တည်းဖြစ်သော ပုံစံဖြင့်သာမက တတ်နိုင်သမျှ အတိုင်းအတာအထိ မိဘများ နားလည်နိုင်သော ဘာသာစကားဖြင့် မိဘများအား အသိပေးရမည်။ ထိုသို့သောမူဝါဒကို ဒေသခံရပ်ရွာပြည်သူများ ဖတ်ရှုနိုင်စေရန် လုပ်ဆောင်ပေးရမည်ဖြစ်ကာ မိဘများနှင့် ကျောင်းအတွက် ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ကိုက်ညီစေရန် မူဝါဒကို အခါအားလျော်စွာ ပြင်ဆင်ပေးရမည်။ *[ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1118(b)(1)]*

ကျောင်းများသည် ခေါင်းစဉ် I ပရိုဂရမ်များတွင် ပါဝင်သော မိဘများအတွက် အနည်းဆုံး နှစ်စဉ်အစည်းအဝေးတစ်ကြိမ် ပြုလုပ်ပေးရမည်-

- ✓ အစည်းအဝေးအကြိမ်ရေကို သင့်တော်သလို ပြောင်းလဲစီစဉ်ပေးရမည်။
- ✓ ခေါင်းစဉ် I ပရိုဂရမ်များအား စီစဉ်ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တိုးတက်အောင် မွမ်းမံခြင်းတို့တွင် မိဘများအား ဆက်လက်ပါဝင်ဆောင်ရွက်စေရမည်။
- ✓ ပရိုဂရမ်များနှင့်ပတ်သက်သော အချိန်နှင့်တစ်ပြေးညီ အချက်အလက်၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဖော်ပြချက်နှင့် ရှင်းလင်းချက်၊ ပညာရေးအကဲဖြတ်မှုပုံစံများနှင့် မျှော်မှန်းထားသော ကျောင်းသားကျွမ်းကျင်မှုအဆင့်များကို ခေါင်းစဉ် I ပရိုဂရမ်များတွင် ပါဝင်သော မိဘများအား အသိပေးရမည်၊

- ✓ တောင်းဆိုလာပါက ၎င်းတို့ကလေးများ၏ ပညာရေးနှင့်ဆက်စပ်သော ဆုံးဖြတ်ချက်များကို ဆွေးနွေးရန်အတွက် ပုံမှန်အစည်းအဝေးများ ပြုလုပ်ရန် အခွင့်အလမ်းများ ပေးရမည်၊
- ✓ ကျောင်းသားပညာရေးအောင်မြင်မှု တိုးတက်စေရန်အတွက် နှစ်ဖက်စလုံး၏ တာဝန်များကို ဖော်ပြထားသည့် ကျောင်းနှင့်မိဘအကြား တရားဝင်သဘောတူညီချက်ကို ဖော်ဆောင်ရမည်။ *[ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1118(c)]*

*§3114* အရ တစ်ဆင့်ခံထောက်ပံ့ကြေး လက်ခံရရှိသည့် သတ်မှတ်ချက်ပြည့်မီသော အဖွဲ့အစည်းတစ်ခုစီသည် ၎င်းအနေဖြင့် အင်္ဂလိပ်စကားကျွမ်းကျင်မှုအားနည်းသော ကလေးများအတွက် ပရိုဂရမ်များတွင် မိဘနှင့် အသိုင်းအဝိုင်း ပါဝင်မှုအား မည်သို့မြှင့်တင်မည်ကို ဖော်ပြသည့် အစီအစဉ်တစ်ခုကို SEA ထံ တင်ပြရမည်ဟု ခေါင်းစဉ် III တွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။ *[ESEA ခေါင်းစဉ် III၊ အပိုင်း A၊ § 3116(b)(4)]*

ခေါင်းစဉ် III အရ ထောက်ပံ့ငွေရရှိသော LEA များသည် အင်္ဂလိပ်စာကျွမ်းကျင်မှုအားနည်းသော ကျောင်းသားများ၏ မိဘများအား ၎င်းတို့အနေဖြင့် ကလေးများ၏ ပညာရေးတွင် မည်သို့ပါဝင်နိုင်ပြီး ၎င်းတို့၏ကလေးများအား အင်္ဂလိပ်စာ လေ့လာနိုင်စေရန်၊ အဓိကပညာရေးဘာသာရပ်များတွင် အဆင့်မြင့်မြင့် အောင်မြင်နိုင်စေရန်နှင့် ကလေးအားလုံးအတွက် မျှော်လင့်ထားသည့် တူညီသော ပြည်နယ်အဆင့် အကြောင်းအရာသင်ရိုးနှင့် အောင်မြင်မှု စံနှုန်းများကို ပြည့်မီစေရန် ကူညီရာတွင် မည်သို့တက်ကြွစွာပါဝင်နိုင်သည်ကို အသိပေးရန် ၎င်းတို့အတွက် ထိရောက်သော ကမ်းလင့်ထောက်ကူမှု နည်းလမ်းများကို အကောင်အထည်ဖော်ရပေမည်။
*[ESEA ခေါင်းစဉ် III § 3302(e)]*

**<u>ပြည်နယ်တစ်ဝန်း ပညာရေးအကဲဖြတ်မှုဆိုင်ရာ အစီရင်ခံကတ်များ-</u>** ခေါင်းစဉ် I၊ အပိုင်း A အရ ထောက်ပံ့ငွေလက်ခံရရှိသော ကျောင်းခရိုင်တစ်ခုစီသည် နှစ်စဉ်အစီရင်ခံကတ်ကို ပြင်ဆင်ပြီး ဖြန့်ဝေပေးရမည်။ ယေဘုယျအားဖြင့် ပြည်နယ် သို့မဟုတ် ခရိုင်သည် ၎င်း၏အစီရင်ခံကတ်ပေါ်တွင် ကျောင်းသားအောင်မြင်မှု၊ တာဝန်ခံမှု၊ ဆရာအရည်အချင်းများနှင့် အခြားလိုအပ်သော အချက်အလက်နှင့်ဆက်စပ်သည့် အစိုးရကျောင်းများအကြောင်း အချက်အလက်များအပြင် ပြည်နယ် သို့မဟုတ် ခရိုင်က သက်ဆိုင်သည်ဟုယူဆသည့် အခြားမည်သည့်အချက်အလက်ကိုမဆို ထည့်သွင်းရမည်။

၎င်းအစီရင်ခံကတ်များကို မသန်စွမ်းပုဂ္ဂိုလ်များ ဖတ်ရှုနိုင်သော လိုရင်းတိုရှင်း နားလည်ရလွယ်သည့် တစ်သမတ်တည်းပုံစံဖြင့် ဖော်ပြရမည်ဖြစ်ပြီး တတ်နိုင်သမျှ အတိုင်းအတာအထိ မိဘများ နားလည်နိုင်သည့် ဘာသာစကားဖြင့် ၎င်းတို့ကို ပံ့ပိုးပေးရမည်။ Tennessee ရှိ ကျွန်ုပ်တို့၏ ပြည်နယ်အစီရင်ခံကတ်တွင် ၎င်းလိုအပ်ချက်များနှင့် ကိုက်ညီအောင် လုပ်ဆောင်ထားပါသည်။ *[ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1111(h)(1) နှင့် (h)(2)]*

**<u>ပြည်နယ်အဆင့်အကဲဖြတ်မှုရှိ တစ်ဦးချင်းအောင်မြင်မှု-</u>** ခေါင်းစဉ် I အရ ထောက်ပံ့ငွေများ လက်ခံရရှိသည့်ကျောင်းအနေဖြင့် မိဘတိုင်းအား ပြည်နယ်အဆင့် ပညာရေးအကဲဖြတ်မှုတစ်ခုစီတွင် ၎င်းတို့ကလေး၏

အောင်မြင်မှုအဆင့်နှင့်ပတ်သက်သည့် အချက်အလက်များကို စစ်ဆေးမှုပြုလုပ်ပြီးနောက် တတ်နိုင်သမျှ အမြန်ဆုံး ပေးအပ်ရမည်။ *[20 U.S.C. § 6312(c)(1)(N)] [ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1111(h)(6)(B)(i))]*

ကျောင်းအားလုံးသည် သီးခြားပညာရေးလိုအပ်ချက်များကို နားလည်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်စေရန်အလို့ငှာ ကျောင်းသားတစ်ဦးချင်းစီအလိုက် ရှင်းရှင်းလင်းလင်းနှင့် အသေးစိတ်ကျစွာဖြင့် ချို့ယွင်းချက်များအကြောင်း ဖော်ပြပေးထားသော အစီရင်ခံစာများကို မိဘများ၊ ဆရာများနှင့် ကျောင်းအုပ်များအား ပံ့ပိုးရမည်ဖြစ်ပြီး ပြည်နယ်အဆင့် ပညာရေးအောင်မြင်မှုစံနှုန်းများနှင့်ကိုက်ညီသော ပညာရေးအကဲဖြတ်မှုများတွင် ကျောင်းသား၏ အောင်မြင်မှုဆိုင်ရာ အချက်အလက်ကို ထည့်သွင်းရမည်။ *[ESEA § 1111(b)(3)(C)(xii)]*

**<u>နိုင်ငံတော်အဆင့် ပညာရေးတိုးတက်မှုဆိုင်ရာ အကဲဖြတ်မှု-</u>** ခရိုင်များ၊ ကျောင်းများနှင့် ကျောင်းသားများသည် နိုင်ငံတော်အဆင့် ပညာရေးတိုးတက်မှုဆိုင်ရာ အကဲဖြတ်မှု (NAEP) တွင် ဆန္ဒအလျောက် ပါဝင်နိုင်သည်။ NAEP အကဲဖြတ်မှုတစ်ခုခုတွင် ပါဝင်ရန် ရွေးချယ်ခံရသော ကလေးများ၏ မိဘများအား ၎င်းတို့၏ကလေးသည် မည်သည့်အကြောင်းကြောင့်မဆို ပါဝင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိနိုင်ကြောင်း၊ မည်သည့်အကဲဖြတ်မှုကိုမဆို မဖြစ်မနေ ပြီးမြောက်ရန်မလိုဘဲ စာမေးပွဲမေးခွန်းတိုင်းကို ဖြေဆိုရန် မလိုအပ်ကြောင်းကို အကဲဖြတ်ခြင်းမပြုလုပ်မီ အသိပေးရမည်။ ခရိုင်သည် မိဘများနှင့် အများပြည်သူအား (မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်မှလွဲ၍) အကဲဖြတ်မှုအချက်အလက်များ၊ မေးခွန်းများနှင့် လက်ရှိအကဲဖြတ်ရာတွင် အသုံးပြုသော ကိရိယာများအားလုံးကို ရယူကြည့်ရှုခွင့်ရှိကြောင်း အသိပေးရန် သင့်တော်သည့် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရမည်။*[ESEA ခေါင်းစဉ် VI၊ အပိုင်း C၊ § 411(c)(1); (d)(1)–(2))]*

**<u>ကျောင်းအနှံ့ ပရိုဂရမ်များ-</u>** ကျောင်း၏ ပညာရေးပရိုဂရမ်တစ်ခုလုံးကို အဆင့်မြှင့်တင်ရန် သတ်မှတ်ချက်ပြည့်မီသော ကျောင်းများအနေဖြင့် ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသတွင်းရင်းမြစ်များမှ ထောက်ပံ့ငွေများကို ပေါင်းစည်း၍ ကျောင်းအနှံ့ပရိုဂရမ်ကို လုပ်ဆောင်ပိုင်ခွင့်ရှိကြောင်း ခရိုင်က အဆိုပါကျောင်းများနှင့် မိဘများအား အသိပေးရမည်။ ကျောင်းသည် ထိုဒေသအတွင်းရှိ ကလေးများ၏ သို့မဟုတ် ကျောင်းတွင် အပ်နှံထားသော ဝင်ငွေနည်း မိသားစုများမှ ကလေးများ၏ အနည်းဆုံး 40% အတွက် သင့်တော်သော တက်ရောက်ရန်နေရာတစ်ခုကို ပံ့ပိုးပေးရမည်။ *[20 U.S.C. § 6312(c)(1)(A)] [ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1114]*

**<u>တိုးတက်မှု ပြန်လည်သုံးသပ်ချက်-</u>** LEA တစ်ခုစီသည် နှစ်စဉ်တိုးတက်မှု ပြန်လည်သုံးသပ်ချက်၏ ရလဒ်များကို မိဘများ၊ ဆရာများ၊ ကျောင်းအုပ်များ၊ ကျောင်းများနှင့် လူမှုအသိုင်းအဝိုင်းအား လူသိရှင်ကြား ထုတ်ပြန်ရမည်။ သို့မှသာ ဆရာများ၊ ကျောင်းအုပ်များ၊ အခြားဝန်ထမ်းများနှင့် ကျောင်းများအနေဖြင့် ခေါင်းစဉ် I အရ ဝန်ဆောင်မှုရရှိသော ကလေးအားလုံးအား ပြည်နယ်၏ စိန်ခေါ်မှုရှိသည့် ကျောင်းသားပညာရေး အောင်မြင်မှု စံနှုန်းများနှင့် ပြည့်မီအောင် ကူညီပေးရန် သင်ကြားပို့ချမှု

ပရိုဂရမ်ကို သင်ကြားရေးအရ အထောက်အကူပြုသော နည်းလမ်းဖြင့် စဉ်ဆက်မပြတ် ပြင်ဆင်မွမ်းမံနိုင်မည်ဖြစ်သည်။ *[ESEA § 1116(a)(1)(C)]*

**<u>ဘေးကင်းပြီး မူးယစ်ဆေးဝါး ကင်းစင်သော ကျောင်းများဆိုင်ရာ ပရိုဂရမ်များ-</u>** ဘေးကင်းပြီး မူးယစ်ဆေးဝါး ကင်းစင်သော ကျောင်းပရိုဂရမ် ထောက်ပံ့ကြေးများကို လက်ခံရရှိသည့် ခရိုင်အနေဖြင့် အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု တားဆီးရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များအကြောင်း မိဘများအား အသိပေးပြီး ပါဝင်ဆောင်ရွက်စေရမည်။ ခရိုင်သည် စာသင်ခန်းတွင်း သင်ကြားပို့ချမှုမှလွဲ၍ ဘေးကင်းပြီး မူးယစ်ဆေးဝါး ကင်းစင်သော အခြား ကျောင်းပရိုဂရမ်များနှင့် လှုပ်ရှားမှုများတွင် ပါဝင်သည့် အကြောင်းအရာကို မိဘများအား အသိပေးရန် သင့်တော်သလို အားထုတ်ကြိုးပမ်းမှုများ လုပ်ဆောင်ရမည်။ မိဘက စာဖြင့်ရေးသား၍ ကန့်ကွက်ပါက ခရိုင်သည် ကျောင်းသားအား ပရိုဂရမ် သို့မဟုတ် လှုပ်ရှားမှုမှ ဖယ်ရှားရမည်။ *[20 U.S.C. § 7116(b)၊ 20 U.S.C. § 7163]*

**<u>အင်္ဂလိပ်စာကျွမ်းကျင်မှု အားနည်းသူများအတွက် ပရိုဂရမ်များ-</u>** အင်္ဂလိပ်စာကျွမ်းကျင်မှု အားနည်းသော ကလေးများအတွက် ဘာသာစကား သင်ကြားပို့ချမှုဆိုင်ရာ ပညာရေး ပရိုဂရမ်ကို ပံ့ပိုးပေးရန် ဖက်ဒရယ်ထောက်ပံ့ငွေများကို အသုံးပြုသည့် ကျောင်းခရိုင်သည် စာသင်နှစ်စတင်ပြီးနောက် ရက်ပေါင်း 30 ထက် နောက်မကျစေဘဲ အဆိုပါ ပရိုဂရမ်တွင် ပါဝင်ရန်အတွက် သတ်မှတ်ထားသော သို့မဟုတ် ယင်းတွင် ပါဝင်သော ကလေးတစ်ယောက်စီ၏ မိဘများကို အောက်ပါတို့အကြောင်း အသိပေးရမည်-

- ✓ ကလေးအား အင်္ဂလိပ်စာကျွမ်းကျင်မှု အားနည်းသူအဖြစ် သတ်မှတ်ရသည့် အကြောင်းရင်းများ။
- ✓ ကလေး၏ အင်္ဂလိပ်စာကျွမ်းကျင်မှုအဆင့်။
- ✓ ထိုအဆင့်ကို ဆုံးဖြတ်ခဲ့သည့် နည်းလမ်းနှင့် ကလေး၏ ပညာရေးဆိုင်ရာ အောင်မြင်မှု အခြေအနေ။
- ✓ ၎င်းတို့၏ ကလေး ပါဝင်နေသည့် ပရိုဂရမ်တွင် အသုံးပြုသည့် သင်ကြားပို့ချမှု နည်းလမ်းများနှင့် အခြား ရရှိနိုင်သော ပရိုဂရမ်များတွင် အသုံးပြုသည့် သင်ကြားပို့ချမှု နည်းလမ်းများ။
- ✓ ပရိုဂရမ်က ၎င်းတို့ ကလေး၏ ပညာရေးဆိုင်ရာ အားသာချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် နည်းလမ်း။
- ✓ အထူးသဖြင့် ပရိုဂရမ်က ၎င်းတို့၏ ကလေးအား အင်္ဂလိပ်စာ သင်ယူရာတွင်နှင့် အတန်းတက်ခြင်းနှင့် ကျောင်းပြီးမြောက်မှုအတွက် အသက်အရွယ်အလိုက် သင့်လျော်သော ပညာရေး အောင်မြင်မှု စံနှုန်းများကို ပြည့်မီအောင် လုပ်ဆောင်ရာတွင် ကူညီပေးမည့် နည်းလမ်း။
- ✓ ပရိုဂရမ်မှ ထွက်ရန်အတွက် သတ်မှတ်ထားသော လိုအပ်ချက်များ။
- ✓ မသန်စွမ်းကလေးတစ်ယောက် ဖြစ်ပါက ပရိုဂရမ်က ကလေး၏ IEP ရည်မှန်းချက်များကို ပြည့်မြောက်အောင် ဆောင်ရွက်ပေးပုံ၊
- ✓ မိဘများအနေဖြင့် တောင်းဆိုချက်အရ ၎င်းတို့၏ ကလေးကို အဆိုပါပရိုဂရမ်မှ ချက်ချင်း ဖယ်ရှားပိုင်ခွင့်ရှိကြောင်း အသေးစိတ်ဖော်ပြသည့် မိဘအခွင့်အရေးများနှင့် မိဘများက အဆိုပါ ပရိုဂရမ်တွင် ၎င်းတို့၏ ကလေးကို စာရင်းသွင်းရန် ငြင်းပယ်ရမည့် သို့မဟုတ် အခြား ရရှိနိုင်သော ပရိုဂရမ်

သို့မဟုတ် သင်ကြားပို့ချမှု နည်းလမ်းကို ရွေးချယ်ရမည့် ရွေးချယ်စရာများနှင့် ပတ်သက်သည့် အချက်အလက်များ။

စာသင်နှစ်မစမီ အင်္ဂလိပ်စာကျွမ်းကျင်မှု အားနည်းသူအဖြစ် သတ်မှတ်မထားသော ကလေးတစ်ယောက်အတွက် ခရိုင်က အဆိုပါ ပရိုဂရမ်တွင် ကလေးအား နေရာချထားပြီး ပထမနှစ်ပတ်အတွင်း မိဘများကို အကြောင်းကြားရမည်။ *[20 U.S.C.§ 6312(g)၊ § 7012(a)–(d)] [ESEA ခေါင်းစဉ် I၊ အပိုင်း A၊ § 1112(g)(1)–(4)]*

ဘာသာစကား သင်ကြားပို့ချမှုဆိုင်ရာ ပညာရေး ပရိုဂရမ်ကို ပံ့ပိုးရန် ခေါင်းစဉ် III အရ ထောက်ပံ့ငွေများကို အသုံးပြုခွင့်ရရှိသည့် အဖွဲ့အစည်းတိုင်းသည် နှစ်စဉ် တိုင်းတာနိုင်သော အောင်မြင်မှု ရည်မှန်းချက်များကို ပြည့်မြောက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိပါက အဆိုပါမအောင်မြင်မှု ဖြစ်ပေါ်ပြီးနောက် ရက်ပေါင်း 30 ထက် နောက်မကျစေဘဲ ထိုကိစ္စရပ်အကြောင်းကို ပရိုဂရမ်တွင်ပါဝင်ရန် သတ်မှတ်ခံထားရသော ကလေးများ၏ မိဘများထံ သို့မဟုတ် ပရိုဂရမ်တွင် ပါဝင်လျက်ရှိသော ကလေးများ၏ မိဘများထံ သီးခြား အသိပေးရမည်။ လိုအပ်သော အချက်အလက်အားလုံးကို နားလည်ရလွယ်ကူပြီး တစ်သမတ်တည်းဖြစ်သော ပုံစံဖြင့်သာမက တတ်နိုင်သမျှ အတိုင်းအတာအထိ မိဘများ နားလည်နိုင်သော ဘာသာစကားဖြင့် အသိပေးရမည်။ *[ESEA၊ ခေါင်းစဉ် III၊ အပိုင်း C၊ § 3302(b)(c)]*

**<u>အိုးမဲ့အိမ်မဲ့ကလေးများ-</u>** ထောက်ပံ့ကြေးများအတွက် သတ်မှတ်ချက်ပြည့်မီစေရန် ကျောင်းသည် ကလေးတစ်ယောက် အဆိုပါ ကျောင်းတွင် ကျောင်းအပ်ရန် ကြိုးပမ်းသည့်အချိန်တွင်နှင့် ကလေးအား အဆိုပါကျောင်းတွင် ကျောင်းအပ်နှံထားချိန်တွင် အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အဖော်မပါသောလူငယ်ထံ စာဖြင့်ရေးသားထားသော သတိပေးချက် ပေးအပ်ရမည်ဖြစ်ပြီး ယင်းကို မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အဖော်မပါသောလူငယ်က လက်မှတ်ရေးထိုးရမည်ဖြစ်ကာ ထိုအသိပေးချက်တွင် ပေးအပ်ထားသည့် အထွေထွေအခွင့်အရေးများအပြင် အောက်ပါတို့ကို သေသေချာချာ ဖော်ပြပေးရမည်-

- ✓ အိုးမဲ့အိမ်မဲ့ကလေးများ ရွေးချယ် တက်ရောက်ရန် သတ်မှတ်ချက်ပြည့်မီသော ကျောင်းများ၊
- ✓ အိုးမဲ့အိမ်မဲ့ကလေးသည် အိုးမဲ့အိမ်မဲ့ကလေးများအတွက် သီးခြားကျောင်းကို တက်ရောက်ရန် မလိုအပ်ကြောင်း၊
- ✓ အိုးမဲ့အိမ်မဲ့ကလေးများအား သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ပညာရေးဆိုင်ရာဝန်ဆောင်မှုများနှင့် အစားအစာများအပါအဝင် တန်းတူဝန်ဆောင်မှုများကို ပေးအပ်ရမည်ဖြစ်ကြောင်းနှင့်
- ✓ အိုးမဲ့အိမ်မဲ့ကလေးများကို ကျောင်းဝန်ထမ်းများက ကဲ့ရဲ့အပြစ်မဆိုသင့်ကြောင်း။

ကျောင်းသည်လည်း-

- ✓ အိုးမဲ့အိမ်မဲ့ကလေးများအတွက် ဒေသန္တရ ဆက်ဆံရေးအရာရှိနှင့် အိုးမဲ့အိမ်မဲ့ကလေးများနှင့် လူငယ်များ၏ ပညာရေးအတွက် ပြည်နယ် ညှိနှိုင်းရေးမှူးအား ဆက်သွယ်ရန်အချက်အလက်များ ပေးအပ်ရမည်၊
- ✓ ပုဒ်မခွဲ*(g)(3)(A)*တွင် ဖော်ပြထားသည့်အတိုင်း မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အဖော်မပါသောလူငယ်၏ ၎င်းနှစ်သက်ရာ ကျောင်းများကို တက်ရောက်ပိုင်ခွင့်အား ကျင့်သုံးနိုင်စေရေး အကူအညီ ပေးရမည်၊ ၎င်းအပြင်
- ✓ သက်ဆိုင်ပါက သယ်ယူပို့ဆောင်ရေးနှင့် အခြား လိုအပ်သောဝန်ဆောင်မှုများ ပေးအပ်နိုင်စေရန်အတွက် ရွေးချယ်ထားသောကျောင်းနှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်ရှိသော ဒေသန္တရပညာရေးအေဂျင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရပါမည်။*[42 U.S.C. § 11432(e)(3)(C),(E)] [ESEA ခေါင်းစဉ် X၊ အပိုင်း C၊ § 722(e)(3)(C)(I)–(iv)]*

ခရိုင်က အိုးမဲ့အိမ်မဲ့ကလေးကို မူလကျောင်းသို့ဖြစ်စေ၊ မိဘ သို့မဟုတ် အုပ်ထိန်းသူ တောင်းဆိုထားသည့်ကျောင်းသို့ဖြစ်စေ မပို့ဘဲ အခြားကျောင်းသို့ ပို့ပါက ခရိုင်သည် ဆုံးဖြတ်ချက်အား အယူခံဝင်ပိုင်ခွင့် ပါရှိသော အသိပေးချက်နှင့်တကွ စာဖြင့်ရေးသားထားသော ရှင်းပြချက်ကို မိဘများအား ပံ့ပိုးပေးရမည်။ ကျောင်းရွေးချယ်မှုနှင့်ပတ်သက်ပြီး အငြင်းပွားမှုပေါ်လာသည့်အခါတိုင်းတွင်လည်း အချက်အလက်များကို ပေးအပ်ရမည်။ *[ESEA ခေါင်းစဉ် X၊ အပိုင်း C၊ § 722(g)(3)(B)]*

အိုးမဲ့အိမ်မဲ့ကလေးများနှင့် လူငယ်များအတွက် LEA ဆက်ဆံရေးအရာရှိတိုင်းသည် အိုးမဲ့အိမ်မဲ့ကလေးများနှင့် လူငယ်များ၏ မိဘများ သို့မဟုတ် အုပ်ထိန်းသူများထံ သူတို့ကလေးများ ရရှိနိုင်သော ပညာရေးနှင့် ပတ်သက်သည့် အခွင့်အလမ်းများအကြောင်း အသိပေးရမည့်အပြင် သူတို့ကလေးများ၏ ပညာရေးတွင် ပါဝင်ရန် အဓိပ္ပါယ်ရှိသော အခွင့်အလမ်းများကို ပေးအပ်ရမည်။ *[ESEA ခေါင်းစဉ် X၊ အပိုင်း C၊ § 722(g)(6)(A)(iv)]*

